# ခုံသမာဓိကောင်စီ

## ခုံအဖွဲ့၏ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃(စ) }

## ခုံအဖွဲ့

### ၂၀၁၆ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၅၆/၂၀၁၆)

| | |
|---|---|
| ဦးထွန်းဝေ (ပါ ) အလုပ်သမား (၂၁)ဦး<br>PMG အရက်ချက်စက်ရုံ၊<br>အမှတ်(၉/၃/၃၆၅(ခ)၊မဟာမြိုင်လမ်း၊<br>ရွှေပြည်သာမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး၊ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဦးမင်းအောင် (ပိုင်ရှင်)<br>PMG အရက်ချက်စက်ရုံ<br>အမှတ်(၄၂/၆၃+၆၄(A+B)၊စက်မှု(၁)လမ်း၊<br>စက်မှုဇုန်(၁)၊ ရွှေပြည်သာမြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး၊ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်

## ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၄၂/၆၃+၆၄(A+B)၊ စက်မှု(၁)လမ်း၊ တွင်တည်ရှိသော PMG အရက်ချက်စက်ရုံ ၊ဦးမင်းအောင် (ပိုင်ရှင်)နှင့် PMG အရက်ချက်စက်ရုံ၊ အခြေခံအလုပ်သမားအဖွဲ့အစည်း၊ ဥက္ကဋ္ဌ ဦးထွန်းဝေ (ပါ )အလုပ်သမား (၂၁) ဦးတို့ကြား ဖြစ်ပွားသောအငြင်းပွားမှုကို ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ မှ(၂၂.၁.၂၀၁၆)ရက်နေ့တွင် အမှုအမှတ်(၇/၂၀၁၆)ဖြင့် ညှိနှိုင်းဖျန်ဖြေပေးခဲ့ပြီး အချက် (၉)ချက် သဘောတူညီခဲ့ကြောင်း၊ ထို့နောက်တဖန် ရွှေပြည်သာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ထံသို့ ထပ်မံ

တိုင်ကြားလာ၍ (၂၈.၆.၂၀၁၆)ရက်နေ့၊ (၂၉.၆.၂၀၁၆)ရက်နေ့၊ (၃၀.၆.၂၀၁၆) ရက်နေ့၊ (၇.၇.၂၀၁၆) ရက်နေ့တို့တွင် ညှိနှိုင်းဖျန်ဖြေပေးခဲ့ကြောင်း၊ တောင်းဆိုသည့်အချက်များမှာ EC စာချုပ်ချုပ်ဆိုရန်၊ စက်ရုံရှိဝန်ထမ်းများနည်းတူ အလုပ်သမား ကိုယ်စားလှယ် (၂၁)ဦးအား လစာတိုးပေးရန်တို့ဖြစ်ကြောင်း၊ လစာတိုးပေးရန်ကို အလုပ်ရှင်က စက်ရုံ၌တစ်နှစ်တစ်ခါ လစာတိုးချိန်မှသာပေးနိုင်မည်ဖြစ်ကြောင်း၊နောင်နှစ်အချိန်တွင်စက်ရုံမှသတ်မှတ်ထားသော စည်းကမ်းမှုဘောင်နှင့်ကိုက်ညီမှသာ ပေးနိုင်မည်ဖြစ်ကြောင်း၊ ယခုတောင်းဆိုချက်အား လိုက်လျောနိုင်ခြင်းမရှိကြောင်း ထွက်ဆိုတင်ပြချက်အရ ပြေလည်မှုမရ၍ ရွှေပြည်သာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ (၁၁.၇.၂၀၁၆)ရက်စွဲပါ အမှုအမှတ် (၄၆/၂၀၁၆)ဖြင့် ဦးထွန်းဝေ (ပါ ) အလုပ်သမား (၂၁) ဦးတို့က တောင်းဆိုတိုင်ကြားမှုများ ဖြစ်ပွားခဲ့ကြောင်း၊ တောင်းဆိုခဲ့သည့် အချက်များကို ရွှေပြည်သာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ မှတ်တမ်းများနှင့် ထွက်ဆိုချက်များအရ တွေ့ရှိရသည်။

၂။ ရွှေပြည်သာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ အမှုအမှတ်(၄၆/၂၀၁၆)ဖြင့် ဦးထွန်းဝေ(ပါ ) အလုပ်သမား(၂၁) ဦးတို့က တောင်းဆိုတိုင်ကြားမှုများမှာ -

(က) EC စာချုပ်ချုပ်ဆိုရန်၊

(ခ) စက်ရုံရှိဝန်ထမ်းများနည်းတူ တောင်းဆိုသော အလုပ်သမားကိုယ်စားလှယ် (၂၁) ဦးအား လစာတိုးပေးရန်တို့ဖြစ်ကြောင်း၊

၃။ စာရွက်စာတမ်းများအရ မြို့နယ်၌ အလုပ်ရှင်နှင့်အလုပ်သမားတို့သည် EC စာချုပ် ချုပ်ဆိုရန်တောင်းဆိုမှုကို အလုပ်ရှင်က ချုပ်ဆိုမည်ပြောကြောင်း၊ အလုပ်သမားများက တောင်းဆိုသော စက်ရုံမှ လစာတိုးပေးရန်နှင့် စက်ရုံမှလစာတိုးသည့်လမှစ၍ လအလိုက်လစာများအား ပြန်လည်ပေးရန် တောင်းဆိုချက်အား အလုပ်ရှင်ဘက်မှ စက်ရုံ၏စည်းကမ်းမှုအရ တစ်နှစ်တစ်ခါသာပေးသဖြင့် နောက်နှစ်လစာတိုးချိန်မှသာ ပေးမည်ဖြစ်ကြောင်း၊ စက်ရုံ၏မူနှင့်ကိုက်ညီသူများအား တိုးပေးနိုင်မည်ဖြစ်ကြောင်း၊ EC စာချုပ် ချုပ်ဆိုရန်တောင်းဆိုမှုကို အလုပ်ရှင်ထံက ချုပ်ဆိုခွင့်

ရပြီး အလုပ်သမားကိုယ်စားလှယ်များမှလည်း လစာတိုးပေးရန်တောင်းဆိုနေသော အလုပ်သမားများအား ယနေ့အချိန်ထိ လစာတိုးပေးခြင်းမရှိ၍ ပြေလည်မှုမရရှိကြောင်း တွေ့ရှိရသည်။

၄။ ရွှေပြည်သာမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ အမှုအမှတ် (၄၆/၂၀၁၆)ဖြင့် ညှိနှိုင်းရာ ပြေလည်မှုမရရှိ၍ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့သို့ စုပေါင်းအငြင်းပွားမှု အစီရင်ခံစာ တင်ပြခဲ့ကြောင်း တွေ့ရှိရသည်။ ရွှေပြည်သာမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က (၇.၇.၂၀၁၆)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့သို့ အစီရင်ခံစာတင်ပြခဲ့မှုအရ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က (၂၉.၇.၂၀၁၆)ရက်နေ့တွင် အငြင်းပွားမှုအမှတ် (၈၃/၂၀၁၆)ဖြင့် အငြင်းပွားမှုကိုကြားနာစစ်ဆေးပြီး အောက်ပါကောက်ချက်(၁)ချက်နှင့် ဆုံးဖြတ်ချက် (၁)ချက် ချမှတ်ခဲ့ကြောင်း တွေ့ရှိရသည်-

ကောက်ချက်အမှတ်(၁) ။ တောင်းဆိုသူဦးထွန်းဝေ(ပါ )အလုပ်သမား(၂၁)ဦးတို့အား ၄င်းတို့တောင်းဆိုသည်အတိုင်း ၂/၂၀၁၆ လမှစ၍ အခြားအလုပ်သမားများနည်းတူ လစာတိုးပေးရန်သင့်။ မသင့်။

ဆုံးဖြတ်ချက်အမှတ်(၁) ။ တောင်းဆိုသူဦးထွန်းဝေ(ပါ )အလုပ်သမား(၂၁)ဦးတို့အားစက်ရုံ၏လစာတိုးပေးရန်ချမှတ်ထားသည့်မူဝါဒ၊လုပ်ထုံးလုပ်နည်းနှင့်အညီအဆင့်အလိုက်လစာများအားနောင်တွင်အခြားသောအလုပ်သမားများနည်းတူတိုးပေးသည့်အချိန်၌တိုးပေးရန်ဆုံးဖြတ်သည်။

၅။ သို့ဖြစ်၍ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ (၄.၂.၂၀၁၆)ရက်စွဲပါ အငြင်းပွားမှုအမှတ်(၈၃/၂၀၁၆)၏ ဆုံးဖြတ်ချက်(၁)ချက်အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် PMG အရက်ချက်စက်ရုံ၊ အခြေခံအလုပ်သမားအဖွဲ့အစည်း၊ ဥက္ကဋ္ဌ ဦးထွန်းဝေ (ပါ ) အလုပ်သမား (၂၁) ဦးတို့က ခုံသမာဓိကောင်စီသို့ အယူခံလျှောက်ထားလာသဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ် (၃၃/၂၀၁၆)ဖြင့် ခုံသမာဓိကောင်စီ အမှုအမှတ်(၅၆/၂၀၁၆)အား ကြားနာစစ်ဆေးမည့် ဥက္ကဋ္ဌ ဒေါ်စန်းစန်း၊

အလုပ်ရှင်ကိုယ်စားလှယ် အဖွဲ့ဝင် ဦးသန်းဇော်နှင့် အလုပ်သမား ကိုယ်စားလှယ်အဖွဲ့ဝင် ဦးငွေတို့ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ သည်။

၆။ ဤအငြင်းပွားမှုသည် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၈၃/၂၀၁၆)၏ ဆုံးဖြတ်ချက်(၁)ချက်အပေါ် ကျေနပ်မှုမရှိသည့် တောင်းဆိုသူ PMG အရက်ချက်စက်ရုံမှ ဦးထွန်းဝေ(ပါ ) အလုပ်သမား (၂၁)ဦးတို့က ခုံသမာဓိကောင်စီသို့ တင်ပြလာသည့်အမှုဖြစ်ရာ အလုပ်သမားများ၏ မကျေနပ်ဟုဆိုသော ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်(၁) ချက်နှင့် ပတ်သက်၍ တင်ပြချက်များမှာ-

(က) (၅.၂.၂၀၁၆)ရက်နေ့တွင် ကုမ္ပဏီမှရာထူးအဆင့်အလိုက်သတ်မှတ်၍ တစ်ဦးချင်းစီထုတ်ချေးပေးနေသော အလုပ်သမားချေးငွေများအား အများနည်းတူထုတ်မချေးတော့ခြင်း။

(ခ) မြို့နယ်အဆင့်၌ပြေလည်သောEC စာချုပ်သက်တမ်းအား(၂)နှစ် သတ်မှတ်ပေးပြီး ၄င်းကာလအတွင်းကုမ္ပဏီ၏ လစာတိုးကာလဖြစ်သည့်နှစ်စဉ် ဧပြီလကုန်အား ဝန်ထမ်းတိုင်းသို့ ဆက်လက်တိုးပေးသွားရန် ဆိုသည့်အချက်အား သဘောတူခဲ့ရာတွင်(၁.၃.၂၀၁၆)ရက်သို့ စောလျင်စွာ ပြောင်းလဲလစာတိုးပေးခြင်းအား အလုပ်သမားအဖွဲ့အစည်းသို့ အကြောင်းကြားညှိနှိုင်းခြင်းမရှိသည့်အပြင် EC စာချုပ်တွင် လက်မှတ်မထိုးသေးသည့် အလုပ်သမားကိုယ်စားလှယ် (၂၁)ဦးအား အများနည်းတူလစာမတိုးပေးခြင်းတို့ဖြစ်သည်။

၇။ ခုံအဖွဲ့ကအမှုတွဲကိုလက်ခံရရှိပြီးနောက် နှစ်ဖက်ထွက်ဆိုချက်များ၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှတ်တမ်းများ၊ ခုံသမာဓိအဖွဲ့မှတ်တမ်းများ နှင့်ခုံသမာဓိကောင်စီတွင် အလုပ်ရှင်နှင့် အလုပ်သမားများ၏ထွက်ဆိုချက်များ တင်ပြလာသော စာရွက်စာတမ်းအထောက်အထားများ အပေါ်အခြေပြု၍ ကျေနပ်မှုမရှိဆိုသည့် ဆုံးဖြတ်ချက်(၁)ချက်အပေါ် ခုံအဖွဲ့က အောက်ပါ ကောက်ချက် (၁) ချက်ရေးဆွဲ၍ သုံးသပ်ဆုံးဖြတ်လိုက်သည်-

ကောက်ချက်အမှတ်(၁) ။ တောင်းဆိုသူဦးထွန်းဝေ(ပါ )အလုပ်သမား(၂၁)ဦးတို့အားစက်ရုံ၏ လစာတိုးပေးရန်ချမှတ်ထားသည့်မူဝါဒ၊လုပ်ထုံးလုပ်နည်းနှင့်အညီ အဆင့်အလိုက်လစာများအားနောင်တွင်အခြားသောအလုပ်သမား များနည်းတူတိုးပေးသည့်အချိန်၌တိုးပေးရန်သင့်၊မသင့်။

သုံးသပ်ချက်အမှတ်(၁)

(က) ခုံအဖွဲ့ကအလုပ်ရှင်မှ၂၀၁၃ ခုနှစ်၊ အလုပ် အကိုင် နှင့်ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်မှုဥပဒေ၊ ပုဒ်မ ၅(က)အရအလုပ်သမား၊အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန၏(၃၁.၈.၂၀၁၅) ရက်စွဲပါ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ရေးဆွဲချုပ်ဆိုကြရန် အသိပေး ကြေငြာချက် အမှတ်(၁/၂၀၁၅)အရ ချုပ်ဆိုရမည့် အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူ စာချုပ်ပါစည်းကမ်းချက်များနှင့် စာချုပ်သက်တမ်းအား (၁၄.၇.၂၀၁၆)ရက်နေ့မှ (၁၃.၇.၂၀၁၈)ရက်နေ့ထိ EC စာချုပ်ကို လက်မှတ်ရေးထိုးပြီး ချုပ်ဆိုခဲ့သည်ကို တွေ့ရှိရသည်။

(ခ) (၂၂.၁.၂၀၁၆)ရက်နေ့ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ နှစ်ဖက်သဘောတူစာချုပ်တွင် နှစ်စဉ်၊နှစ်တိုင်း ပုံမှန် ဧပြီလတွင် လုပ်သက်အလိုက်၊ ရာထူးအလိုက် အလုပ်သမား အားလုံးအား ပုံမှန်လစာတိုးပေးနေမှုအတိုင်း ရွှေပြည်သာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ ၏ အငြင်းပွားမှုအမှတ် (၇/၂၀၁၆)တွင် ချုပ်ဆိုထားရာ အလုပ်ရှင်ကလည်း အပိုဒ်(၂)တွင် သဘောတူ ထားခဲ့ပြီးဖြစ်ကြောင်းကို ခုံအဖွဲ့ကသတိပြုမိသည်။

သုံးသပ်ချက်အမှတ်(၂)

(က) အလုပ်သမားကတောင်းဆိုနေသော EC စာချုပ် သက်တမ်းအား(၂)နှစ် သတ်မှတ်ပေးပြီး ၄င်းကာလအတွင်း ကုမ္ပဏီ၏ လစာတိုးကာလဖြစ်သည့် နှစ်စဉ်ဧပြီလကုန်အား ဝန်ထမ်းတိုင်းသို့ ဆက်လက်တိုးပေးသွားရန်ဆိုသည့် အချက်အား သဘောတူခဲ့ရာတွင် (၁.၃.၂၀၁၆)ရက်သို့ စောလျှင်စွာ ပြောင်းလဲလစာတိုးပေးခြင်းအား အလုပ်သမား အဖွဲ့အစည်းသို့ အကြောင်းကြားညှိနှိုင်းခြင်းမရှိသည့်အပြင် EC စာချုပ်တွင် လက်မှတ်

မတိုးသေးသည့် အလုပ်သမား ကိုယ်စားလှယ် (၂၁)ဦးအား အများနည်းတူ လစာမတိုး ပေးခြင်းတို့ဖြစ်သည်။

(ခ) ၂၂- ၁- ၂၀၁၆ ရက်နေ့တွင် ချုပ်ဆိုသော နှစ်ဖက်သဘောတူစာချုပ်ပါ အချက် (၂)တွင် "EC စာချုပ်အား အလုပ်ရှင်၊ အလုပ်သမားနှစ်ဖက်ညှိနှိုင်း၍ စာချုပ်သက်တမ်းသတ်မှတ်၍ချုပ်ဆိုရန်နှင့် ပုံမှန်လစာတိုးမှုများအားစက်ရုံ၏ လုပ်ထုံးလုပ်နည်းနှင့်အညီပြုလုပ်ဆောင်ရွက်သွားရန်" အချက်နှင့်ပတ်သက်၍ အလုပ်ရှင်မှ ပုံမှန်လစာတိုးမှုများအား နှစ်စဉ် ဧပြီလကုန်တွင် ပေးရမည့်အစား ဖေဖော်ဝါရီလတွင်စော၍ တိုးမြှင့်ပေးရာတွင် EC စာချုပ် မချုပ်ဆိုသော ဦးထွန်းဝေပါ (၂၁) ဦးအား ချန်လှပ်ထားခဲ့ခြင်းသည် EC စာချုပ်အား အလုပ်ရှင်မှ လစ်လျူရှုနေပြီး ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဥပဒေ ပုဒ်မ ၃၉ ကို ကျူးလွန်ရာရောက်သဖြင့် ဦးထွန်းဝေပါ အလုပ်သမား (၂၁)ဦးသည်လည်း ၁၄- ၇-၂၀၁၆ ရက်နေ့တွင် EC စာချုပ်ချုပ်ဆိုပြီးဖြစ်၍ နှစ်စဉ်ပုံမှန် ဧပြီလတွင် လုပ်သက် အလိုက်၊ ရာထူးအလိုက် အလုပ်သမားများအားလုံးအား ပုံမှန်လစာတိုးပေးနေမှုအတိုင်း ၎င်းတို့အား ၂၀၁၆ ခုနှစ်၊ ဧပြီလမှစ၍ ပေးသင့်ကြောင်း သုံးသပ်ရရှိပေသည်။

(ဂ) ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၈၃/၂၀၁၆)၏ ဆုံးဖြတ်ချက် (၁)ချက်အပေါ် ၂၀၁၂ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဥပဒေ၊ နည်းဥပဒေ၊ အပိုဒ် ၂၃(င)အရ အငြင်းပွားမှုကိုကြားနာစစ်ဆေး သည့်အခါတွင်ဖြစ်စေ၊ ကြားနာစစ်ဆေးမှုမပြုဘဲ အငြင်းပွားမှုကိုဆုံးဖြတ်သည့်အခါတွင်ဖြစ်စေ၊ ခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊ သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်ဟူသော ပြဋ္ဌာန်းထားချက်အရ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့က ရန်ကုန်တိုင်း ဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ (၄-၂-၂၀၁၆) ရက်စွဲပါ အငြင်းပွားမှုအမှတ် (၈၃/၂၀၁၆)၏ ဆုံးဖြတ်ချက် (၁)ချက်အပေါ် အောက်ပါအတိုင်း ပြင်ဆင်ဆုံးဖြတ်လိုက်သည်-

ဆုံးဖြတ်ချက်အမှတ်(၁) ၂၂- ၁- ၂၀၁၆ ရက်နေ့တွင် ချုပ်ဆိုသော နှစ်ဖက်သဘောတူစာချုပ်၊ အမှုအမှတ် (၇/၂၀၁၆) ၌ သဘောတူညီထားသည့် အချက်(၉) ချက်အနက် အချက်(၂)နှင့် ပတ်သက်၍ ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဥပဒေ ပုဒ်မ ၃၉ အရ ညှိနှိုင်းဖျန်ဖြေစဉ် အလုပ်ရှင်မှ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများပြင်ဆင်ခြင်းမပြုရဟူသော ပြဋ္ဌာန်းချက်အရ နှစ်ဖက်ညှိနှိုင်းသဘောတူပြီးမှ လစာထုတ်ရက် ပြောင်းလဲသတ်မှတ်ခြင်း၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများ ပြင်ဆင်ခြင်းသည် ဥပဒေနှင့် အကြုံးမဝင်၍ ၂၂-၁-၂၀၁၆ ရက်နေ့၊ စာချုပ်ပါ မူလစည်းကမ်းများနှင့်အညီ ဦးထွန်းဝေပါ (၂၁)ဦးအားပေးရန် ပြင်ဆင်ဆုံးဖြတ်လိုက်သည်။

ဤဆုံးဖြတ်ချက်သည်အထက်တွင် ဖော်ပြထားသောနေ့ရက်မှစ၍အာဏာတည်စေရမည်။

| | | |
|---|---|---|
| ဦးသန်းမောင် | ဒေါ်စန်းစန်း | ဦးရွှေ |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |